# ကချင်ပြည်နယ်ရှိ မူးယစ်ဆေးဝါးသုံးစွဲသူများ၏ သဘောထားထုတ်ပြန်ချက်

## မြစ်ကြီးနားမြို့။

## ၂၈.၁၁.၂၀၁၆

ကချင်ပြည်နယ် မြစ်ကြီးနား၊ နောင်းချိန်း၊ ဒွမ်ဂမ်၊ ဝူယံ၊ ဆားမော်၊ ဝိုင်းမော်၊ ဝါရှောင်၊ မိုးကောင်း၊ မိုးညှင်း၊ အင်းတော်ကြီးဖုံနယ်၊ ဟိုပင် ဒေသများမှ မူးယစ်ဆေးဝါး သုံးစွဲသူများသည် ၄င်းတို့ လက်ရှိ ကြုံတွေ့ခံစားနေရသော စိန်ခေါ်မှုများ၊ အခက်အခဲများကို ဆွေးနွေးတိုင်ပင်ရန်နှင့် ပြဿနာရပ်များကို ဖြေရှင်းနိုင်မည့်နည်းလမ်းများကို ရှာဖွေဖော်ထုတ်ရန် မြစ်ကြီးနားမြို့တွင် နိုဝင်ဘာလ၌ (၂)ရက်ကြာ တွေ့ဆုံစည်းဝေးခဲ့ပါသည်။

ဤအစည်းအဝေးဆွေးနွေးချက်များတွင် အခြေခံ၍ ကျွန်ုပ်တို့အနေဖြင့် နိုင်ငံတော်အစိုးရနှင့် ကချင်ပြည်နယ်ရှိ ဒေသဆိုင်ရာ အာဏာပိုင်များထံသို့ အောက်ပါ ထောက်ခံချက်များကို ဆွေးနွေးတင်ပြအပ်ပါသည်။

ကျွန်ုပ်တို့ လက်ရှိရင်ဆိုင်နေရသော အဓိက စိန်ခေါ်မှုတစ်ရပ်မှာ ကျန်းမာရေးဝန်ဆောင်မှုများ လုံလောက်စွာ မရရှိခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့ အများစုမှာ ဘိန်းဖြူကို အကြောတွင်း ထိုးသွင်းသုံးစွဲသူများ ဖြစ်ပါသည်။ ထိုအပြုအမူ၏ နောက်ဆက်တွဲ ဆိုးကျိုးဖြစ်သော သွေးမှတဆင့် ကူးစက်တတ်သည့်ရောဂါများ (အိတ်ချ်အိုင်ဗွီ(HIV)၊ အသဲရောင် အသားဝါဘီနှင့်စီပိုး) ပြန့်ပွားမှု လျော့ကျစေရန်၊ အစားထိုးဆေးကုသမှုခံယူရန် ကျွန်ုပ်တို့အနေဖြင့် မက်သာဒုံးဆေးဝါးကို သောက်သုံးနေကြပါသည်။ သို့ရာတွင် မက်သာဒုံးဆေးဝါးကို လွယ်ကူစွာ လက်လှမ်းမီရန်နှင့် လုံလောက်စွာ ရရှိရန် အခက်အခဲများစွာရှိနေပါသည်။

ကျွန်ုပ်တို့ အများစုမှာ ဝေးလံသော ကျေးရွာများတွင် နေထိုင်သူများ ဖြစ်ပြီး ဆင်းရဲသော လက်လုပ်လက်စားများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့ အနေဖြင့် မက်သာဒုံးဆေးသောက်ရန် ဆေးတိုက်ရာဌာနသို့ နေ့စဉ်သွားလာရသည်မှာ အချိန် နေ့တစ်ဝက်ခန့် ယူရပါသည်။ ဆေးတိုက်ရာဌာနသို့ သွားလာရသည့် စရိတ်စကကုန်ကျမှုများလည်း ရှိပါသည်။ မက်သာဒုံးမှာ ရေရှည်သောက်သုံးရသော ဆေးဝါးဖြစ်သည့်အတွက် ကျွန်ုပ်တို့ အနေဖြင့် ၄င်းကို စွဲမြဲထိန်းသိမ်းမသောက်နိုင်ပါက ဘိန်းဖြူသံသရာတွင် တဝဲဝဲပြန်လည်နေမည်ဖြစ်ပါသည်။

ထို့ကြောင့် မက်သာဒုံးဆေးဝါးကို လက်လှမ်းမီလွယ်ကူစွာ ရရှိစေရန် မက်သာဒုံးဆေးတိုက်ရာဌာနများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ဆေးကိုအချိန်တို အတွင်းရရှိနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ အပိုကုန်ကျစရိတ်များ မရှိစေခြင်း၊ ဆေးသောက်ရန် စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့ပေးခြင်းတို့ကို ပြုလုပ်ရန် လေးစားစွာ အကြံပြု ဆွေးနွေးလိုပါသည်။ အချုပ်၊ ထောင်ကျခံရသော မူးယစ်ဆေးသုံးစွဲသူများကို မက်သာဒုံးဆေးကုသမှု ရရှိစေရန်နှင့် လိုအပ်သော အခြားကျန်းမာရေးဝန်ဆောင်မှုများ ရရှိစေရန်လည်း တောင်းဆိုအကြံပြုအပ်ပါသည်။

ကျွန်ုပ်တို့ ရင်ဆိုင်နေရသော နောက်ထပ် အခက်အခဲတစ်ခုမှာ အန္တရာယ်လျော့ချရေး အစီအစဉ်များသို့ လက်လှမ်းမီမှု လျော့နည်းလာခြင်းဖြစ်ပါသည်။ ကချင်ပြည်နယ်တွင် အန္တရာယ်လျော့ချရေး လုပ်ငန်းများကို ကျန်းမာရေးနှင့်

အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှုအောက်တွင် အကောင်အထည်ဖော်ဆောင်ရွက် လာသည်မှာ ဆယ်စုနှစ်တစ်ခု ကျော်လွန်လာပြီ ဖြစ်ပါသည်။ ၄င်းလုပ်ငန်းစဉ်များဖြစ်သည့် သန့်ရှင်းသောဆေးထိုးအပ်/ပြွန်များ ဝေငှလဲလှယ်ခြင်း၊ သွေးအတွင်းရှိ ကူးစက်ရောဂါများ စစ်ဆေးပေးခြင်း၊ အိတ်ချ်အိုင်ဗွီ (HIV) ပိုးရှိသူများကို အေအာတီ (ART) ဆေးတိုက်ကျွေးပေးခြင်းတို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် သာမန်လူများကဲ့သို့ ကျန်းမာစွာနေထိုင်နိုင်ပါသည်။

သို့ရာတွင် လက်ရှိအချိန်၌ ပြည်သူလူထုက အန္တရာယ်လျှော့ချရေးလုပ်ငန်းများ အပေါ် အမြင်စောင်းလျက်ရှိနေပါသည်။ ယင်းဝန်ဆောင်မှုများကို လက်လှမ်းမီခြင်း မရှိပါက အိတ်ချ်အိုင်ဗွီ (HIV)၊ အသဲရောင်အသားဝါနှင့် အခြားသွေးမှတဆင့် ကူးစက်တတ်သောရောဂါများ ပြန့်ပွားမှုနှုန်းမှာ တိုးတက်လာမည်ဖြစ်ပါသည်။ ဤအချက်သည် မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် ကျွန်ုပ်တို့၏ မိသားစုများအတွက်ပါ ခြိမ်းခြောက်နေသည့် အချက်ဖြစ်ပါသည်။ ထို့ကြောင့် အန္တရာယ်လျှော့ချရေး အစီအစဉ်များရပ်ဆိုင်းခြင်းမရှိဘဲ ဝန်ဆောင်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်နှင့် တိုးချဲ့လုပ်ဆောင်နိုင်ရန် ကျွန်ုပ်တို့အနေနှင့် အကြံပြုတင်ပြအပ်ပါသည်။ ဆေးလွန်ခြင်းအတွက် အသက်ကယ်ဆေးဖြစ်သော နာလိုဇုန်း (Naloxone) ဆေးကိုလည်း အရေးပေါ်အခြေအနေတွင် အသုံးပြုနိုင်ရန်အတွက် လွယ်လင့်တကူ ရရှိစေချင်ပါသည်။

ကချင်ပြည်နယ်ရှိ မူးယစ်ဆေးဝါးသုံးစွဲသူများအနေဖြင့် လက်ရှိအချိန်တွင် လူထုအဖွဲ့အစည်းများ၊ ရဲများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ ပစ်မှတ်ထားဖမ်းဆီးခံရမှုများကိုလည်း ခါးသီးစွာ ကြုံတွေ့ခံစားနေရပါသည်။ ဖမ်းဆီးရေးအဖွဲ့မှ မူးယစ်ဆေးသုံးစွဲသူများကို စစ်ဆေးမေးမြန်းခြင်းမရှိဘဲ ရိုက်နှက်ခြင်း၊ ဖမ်းဆီးခြင်း၊ အပြစ်ဒဏ်ပေးခြင်းများကို ရင်ဆိုင်နေကြရပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် တစ်ကိုယ်ရေသုံးစွဲမှု ပမာဏ အနည်းငယ်မျှသာ လက်ဝယ်တွေ့ရှိဖြင့် ချမှတ်ခံရသော ထောင်ဒဏ်မှာ ပြင်းထန်လွန်းပြီး လူငယ်လူရွယ်များ၏ ဘဝတွင် ကြီးစွာသော အမည်းစက် စွန်းထင်းသွားပါသည်။ အချုပ်၊ ထောင်များအတွင်း မူးယစ်ဆေးစွဲ ကုသမှုများလည်း ရရှိနိုင်ခြင်းမရှိပါ။

ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှုကို ရာဇဝတ်မှုအဖြစ် မသတ်မှတ်ရန်၊ တစ်ကိုယ်ရေသုံးအတွက် လက်ဝယ်တွေ့ရှိမှုကို ရာဇဝတ်မှုအဖြစ် မသတ်မှတ်ရန် တောင်းဆိုအပ်ပါသည်။ မူးယစ်ဆေးဝါးဥပဒေ မပြုပြင်ရမီကာလအတွင်း မူးယစ်ဆေးဝါးသုံးစွဲသူများကို အကြောင်းမဲ့ ဖမ်းဆီးနှိပ်စက်ခြင်း၊ ချုပ်နှောင်ခြင်းများ မပြုလုပ်ရန်လည်း တင်ပြအပ်ပါသည်။ ဆေးဖြတ်စခန်းများသို့ မိမိစိတ်ဆန္ဒမပါဘဲ အတင်းအကျပ် ပို့ဆောင်ခြင်းကို မပြုလုပ်သင့်ပါ။ မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် ထိရောက်မှုရှိသော ကျန်းမာရေးဝန်ဆောင်မှုများမှအပ အကြမ်းဖက်မှုများကို ကျွန်ုပ်တို့ လုံးဝ (လုံးဝ) မလိုလားပါ။

မူးယစ်ဆေးဝါးမူဝါဒများနှင့် မူးယစ်ဥပဒေများသည် ကျွန်ုပ်တို့၏ ဘဝများအပေါ်တွင် တိုက်ရိုက်သက်ရောက်မှုများစွာရှိနေပါသည်။ ထို့ကြောင့် မူဝါဒများနှင့် ဥပဒေရေးဆွဲရာတွင် မူးယစ်ဆေးဝါးသုံးစွဲသူများ၏ လိုအပ်ချက်သဘောထားများကို ထည့်သွင်းစဉ်းစားရန် အလွန်အရေးကြီးကြောင်းကို တင်ပြလိုပါသည်။ ပြင်းထန်သော တားဆီးနှိမ်နင်းရေးမူဝါဒများအစား ထိရောက်သော မူးယစ်ဆေးဝါးသုံးစွဲမှု ကာကွယ်ရေး ပညာပေးဆောင်ရွက်ချက်များ၊ ကျန်းမာရေးနှင့် လူမှုရေး အထောက်အပံ့များ ရရှိနိုင်မည့် မူဝါဒများကိုသာ ချမှတ်ပေးရန်လိုအပ်ကြောင်း ကျွန်ုပ်တို့အားလုံးက လေးစားစွာ တောင်းဆိုတင်ပြအပ်ပါသည်။